ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)

# (Village Development Plan)

## ခေါ်မကျေးရွာ၊ ကျည်တောင်ကျေးရွာအုပ်စု၊ ဇေယျာသီရိမြို့နယ်၊ ဥတ္တရခရိုင်၊ နေပြည်တော်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ခေါ်မကျေးရွာ၊ ဇေယျာသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

**စကားချီး** ၄

**မြေမျက်နှာသွင်ပြင်နှင့် ကျေးရွာများ တည်နေရာပြမြေပုံ၊** ၅

**၁။ တည်နေရာနှင့် ပထဝီအနေအထား** ၆

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** ၆

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၆

**၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** ၆

**၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** ၇

 က။ သီးနှံ စိုက်ပျိုးရေး ၇

ခ။ မွေးမြူရေး ၇

ဂ။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ ၈

ဃ။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ၈

**၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ** ၉

က။ ကျေးလက် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ အခြေခံ အဆောက်အဦ ၉

ခ။ လျှပ်စစ်စွမ်းအား ဆိုင်ရာ အခြေခံအဆောက်အဦ ၉

ဂ။ ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာ ဆိုင်ရာ အခြေခံအဆောက်အဦ၉

**၇။ ပညာရေး** ၁၀

က။ ပညာရေးဝန်ဆောင်မှုရရှိနိုင်မှု အခြေအနေ ၁၀

**၈။ ကျန်းမာရေး** ၁၀

က။ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ ၁၀

ခ။ သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေ ၁၁

**၉။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** ၁၁

က။ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ပြုစုခြင်း ၁၁

ခ။ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း ၁၁

၁၀။ ကျား – မ ရေးရာ ၁၂

၁၁။ ဦးစားပေးစီမံချက်လုပ်ငန်းများဇယား ၁၃

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၄

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ ၄။ စီမံချက်အဆိုပြုလွှာများ

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနေဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူလိုကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနတို့၏ ဆက်လက်ပံ့ ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင် တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင် မည့်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>
ခါမကျေးရွာ<br>
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

## ကျည်တောင်ကျေးရွာအုပ်စု၊ ခေါ်မကျေးရွာ၏
## မြေမျက်နှာသွင်ပြင်နှင့် ကျေးရွာတည်နေရာပြမြေပုံ



## ကျည်တောင်ကျေးရွာအုပ်စု၊ ခေါ်မကျေးရွာ၏ရာသီခွင်ပြမြေပုံ



ခေါမကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ခေါမကျေးရွာသည် ဇေယျာသီရိမြို့နယ်၏ အရှေ့ဘက်ပိုင်းတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် အရှေ့လောင်ဂျီကျူ့ (၉၆ ဒီဂရီ ၃၂ မိနစ်)နှင့် မြောက်လတ္တီကျူ့(၁၉ ဒီဂရီ ၇၆ မိနစ်)ကြားတွင်တည်ရှိပါသည်။ အနောက်ဘက်တွင် စစ်တပ်၊ တောင်ဘက်တွင် ကျည်တောင်ကျေးရွာ၊ အရှေ့ဘက်တွင် မြစ်ကြောင်းပြီးလျှင် သာယာဝှမ်းကျေးရွာ၊ မြောက်ဘက်တွင် လေ့ခွင်းတောင်တို့တည်ရှိပါသည်။ ကျေးရွာမှမြို့ပေါ်သို့သွား ရောက်ရန် အတွက် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ၈မိုင်ခန့်သာ ဝေးသောကြောင့် အလွယ်တကူသွားလာနိုင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စု၊ ခေါမကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတုအမျိုးအစားဖြစ်ပြီး စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၈၅) ဧကရှိပါသည်။ စပါးကို အဓိကစိုက်ပျိုးကြသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်နှင့် ပဲများကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ခေါမကျေးရွာရှိ အိမ်ထောင်စု (၂၆၀) စုတွင် စုစုပေါင်းလူဦးရေ (၁၂၂၇) ဦးရှိပြီး (ကျား-၆၀၂+ မ-၆၂၅)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၄)ဦး ခန့်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ(၆၅.၃%)ရှိပြီး လုပ်သားအင်အားရရှိမှုများသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သော လူဦးရေထက်အမျိုးသမီးဦးရေကပိုများသည်။ ၆၅နှစ်အထက်သက်ကြီး ရွယ်ကြီးမှာ(၃.၇%)ရှိပြီး ကျန်းမာရေးအ ခြေအနေမှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက်တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းများအကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့် ကောင်းမွန်ကြသည်ဟုဆိုနိုင်သည်။ ကျေးရွာအတွင်း စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှုများကြောင့် အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရရှိထားကြသည်။ သို့သော်လည်း ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်

သော အသိအမြင်ဗဟုသုတများအပိုင်းတွင် ဥပမာအားဖြင့် အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများတွင် လိုအပ်ချက်များ ရှိနေသေးသည်။ ခေါင်းဆောင်မှု သဘောတရားများ၊ ငွေကြေး ဆိုင်ရာစီမံခန့်ခွဲမှုအတွက် ငွေစာရင်းသင်တန်း များရရှိနိုင်ပါက ကျေးရွာအတွက်အထောက်အပံ့ ပိုမိုဖြစ်စေနိုင်ပါမည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### က။ သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လယ်ယာမြေပိုင်မှုအသင့်အတင့်ရှိကြပါသည်။ ကျေးရွာတစ်ရွာလုံးအနေဖြင့် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ (၈၂%)ရှိပါသည်။ ကျေးရွာတွင် စုစုပေါင်း လယ်ယာမြေကေမှာ (၃၅၈) ကေရှိပြီး စပါးကို အဓိကစိုက်ပျိုးပြီး အခြားသီးနှံများအနေဖြင့် ပြောင်း၊ ကြံစသည့်သီးနှံများ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့်ရရှိပြီး မိုးရေ (သို့မဟုတ်) ဆည်ရေဖြင့် စိုက်ပျိုးကြပါသည်။ အဟန့်အတားအနေဖြင့်စိုက်ပျိုးမြေတိုး ချဲ့ရနိုင်ခြေနည်းပါးခြင်း၊ အလုပ်သမားစရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုးကျရောက်တတ်ခြင်း၊ ငွေကြေးအရင်းအနှီး အလွယ်တကူမရနိုင်ခြင်းတို့ရှိပါသည်။ သီးနှံအထွက်နှုန်းများတွင် စပါးနှင့်ပြောင်းသည် တစ်ဧက အထွက်နှုန်း အများဆုံးဖြစ်ပြီး ပဲအထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။ အခြားသောသီးနှံများဖြစ်သော ငှက်ပျော၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်အပင်များ လည်းစိုက်ပျိုးကြပါသည်။ သီးနှံများ ရောင်းချသည့်အချိန်တွင် ဈေးကွက်မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ အခြေအနေကောင်း တစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်အလုံ အလောက်ရှိပါသည်။

### ခ။ မွေးမြူရေး

**ဇယား ( ၈ )ခေါမကျေးရွာတွင် တိရစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | ကျွဲ | ဝက် | ဆိတ် | ကြက် | ဘဲ |
|---|---|---|---|---|---|---|---|
| ၁ | ခေါမ | ၂၆ | - | ၆၃ | - | ၇၀၇ | ၃၃ |

ခေါမကျေးရွာသည် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျှက်ရှိပြီး စီးပွားဖြစ်မွေးမြူထားခြင်းမရှိပါ။ နွားမွေးမြူရေး၊ ဘဲမွေးမြူရေး၊ ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေးလုပ်ငန်းများ အသင့်အတင့်ရှိနေသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူမှုသည့် အိမ်ထောင်စုမှာ (၃၁.၂)%ခန့်သာ မွေးမြူကြပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနှင့် နည်းပညာဝန်ဆောင်မှုများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးသမားများအနေဖြင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင် မွေးမြူကြ

သော်လည်း နွားမွေးမြူရေးလုပ်ငန်းအတွက် စာကျက်မြေသီးသန့်မရှိပါ။ ရိတ်သိမ်းပြီးချိန်တွင် လွှတ်၍ ကြောင်းနိုင်ပြီး ကောက်ရိုးနှင့်ရိတ်သိမ်းပြီး ပဲပင်များကို နွားစာအဖြစ် ပြန်လည်အသုံးပြုကြပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနှင့် နည်းပညာဝန်ဆောင်မှုများ လိုအပ်ချက်များ ရှိကြသည်။

## ဂ။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ အိမ်တွင်းမှုလုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ထုတ်ကုန်လုပ်ငန်းတွင် နေ့စားသွား ရောက်လုပ်ကိုင်ခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ကားမောင်း၊ ဆိုင်ကယ် ကယ်ရီ၊ ဈေးဆိုင်၊ အပ်ချုပ်ဆိုင် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာကျွမ်းကျင်မှုနည်း ပါးသည်။ အရင်းအနှီးလည်း နည်းပါပြီး အစိုးရဘဏ်ချေးငွေများလည်း မရှိသောကြောင့် အသက်မွေးဝမ်းကျောင်းအတွက် အခက်အခဲရှိကြပါသည်။ ကျေးရွာနှင့် မြို့ပေါ် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီးလျှပ်စစ်မီး လည်းရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်သည်။ အရဟာရသုခဈေးနှင့် ပျဉ်းမနားဈေးတို့နှင့်လည်း နီးသောကြောင့် မွေးမြူရေးထုတ်ကုန်များစသည့် ထွက်ကုန်များ ထုတ်လုပ်နိုင်ပါက ဈေးကွက်အလုံ အလောက်ရှိပါသည်။ နယ်မြေလုံခြုံပြီး လွတ်လပ်စွာသွားလာရောင်းဝယ်နိုင်ပြီး လမ်းပန်းဆက်သွယ်ရေးမှာလည်း တစ်နှစ်ပတ်လုံး ရာသီမရွေးသွားလာနိုင်ပါသည်။

## ဃ။ ဘဏ်နှင့် ဘဏ္ဍာရေး ဆိုင်ရာလုပ်ငန်းများ

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုရှိသည့် အိမ်ထောင်စုများသာ အစိုးရစိုက်ဘဏ်ချေးငွေရှိပါသည်။ အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဖြင့် ငွေချေးစနစ်ရှိပြီး အတိုးနှုန်းမှာ (၅%) မှ (၁၀%) ထိရှိပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများထံမှချေးငွေများရှိပြီး အပေါင်ခံပစ္စည်းမလိုအပ်သော်လည်း မြေယာပိုင်ဆိုင်မှုမရှိသည့်အတွက် ယုံကြည်မှုအားနည်းပြီး လူတိုင်းမရနိုင်၊ အလုံအလောက်မရရှိနိုင်ပါ။ ပုဂ္ဂလိကငွေတိုးချေးစားသူများနှင့် အပေါင်ဆိုင် များမှလည်း ကာလတိုချေးငွေများ ကို တစ်လလျှင် အတိုးနှုန်း ၅ %မှ ၁၀ %ဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင် အတိုးနှုန်း ၁၀ %အထက်ဖြင့် ချေးယူကြရခြင်း များလည်းရှိကြသည်။ ကျေးရွာတွင် ချေးငွေလိုအပ်မှု အနေအထားမှာ ယေဘုယျအားဖြင့် အတော်အသင့် မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့်လည်း ကျေးရွာ အရောက်ဝန်ဆောင်ပေးမှုများ မရှိသလောက် အားနည်းနေသောကြောင့် ကျေးရွာ

သူ/သားအများစုမှာ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိရာ လမ်းကြောင်းများမှာ အလှမ်းဝေးနေဆဲဖြစ်သည်။

## ၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### က။ ကျေးလက်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာနှင့်(၁၁) မိုင်ခန့်ဝေးသော အဟာရသုခဈေးတို့တွင် ကုန်စိမ်းနှင့်သားငါး များကို အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့် သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ကားများဖြင့် သော်လည်း ကောင်း သယ်ယူပို့ဆောင်လျက်ရှိပါသည်။ ကျေးရွာတွင် အသုံးပြုမှုအများဆုံး သယ် ယူပို့ ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် ရန်ကုန်-မန္တလေး လမ်းဟောင်းဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကောင်းမွန်ပါသည်။ရွာတွင်းလမ်းများ ၏ စုစုပေါင်း အရှည်မှာ (၁)မိုင် ခန့်ရှည်လျားပြီး မြေသာလမ်းဖြစ် သောကြောင့် မိုးရာ သီအချိန်တွင်၄ သွားရေးလာရေး ခက်ခဲလျှက် ရှိပါသည်။

### ခ။ လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသည့် အိမ်ထောင်စုမှာ (၄၉%) ခန့်ရှိပြီး ဆိုလာစနစ်အသုံးပြုသည့် အိမ်ထောင်စုမှာ (၃)စုရှိပါသည်။ လျှပ်စစ်အသုံးမပြုနိုင် သော အိမ်ထောင်စုများလည်း ရှိနေပါသေးသည်။ လျှပ်စစ်ဓါတ်အားထိန်းသိမ်းမှုမှာ လည်း အသင့်အတင့်ကောင်းမွန်ပါသည်။

### ဂ။ ဆက်သွယ်ရေးသတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနီးပါ တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီ၊ စလောင်း များအများအပြားရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာအနီး အမ်ပီတီ၊ အော်ရီဒူး၊ တယ်လီနော တာဝါတိုင်များရှိပြီး ဆင်းကဒ် အနေဖြင့် အမ်ပီတီ၊ အော်ရီဒူး၊ တယ်လီနော(၃) မျိုးစလုံး အသုံးပြုနိုင်ပြီး ဈေးကွက် နှင့်လည်း သတင်း အချက်အလက်များ အချိန်နှင့် တပြေးညီရယူနိုင်ပါသည်။ ကျေး ရွာသူ/သားများ အနေဖြင့်လည်း ဆက်သွယ်ရေးဗဟုသုတနှင့် နည်းပညာအချက် အလက်များကို လျှင်မြန် လွယ်ကူစွာရရှိနိုင်ပါသည်။

၇။ ပညာရေး

က။ ပညာရေး ဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေ

ကျေးရွာတွင် အစိုးရ စာသင်ကျောင်း မရှိသောကြောင့် ကျည်တောင်ကျေးရွာရှိ အထက်တန်းကျောင်းသို့ သွားရောက်တက်ကြရပါသည်။ ကျောင်းနေအရွယ် ကလေးငယ်အများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီကြသည်။ ကျောင်းဆောင်သည် သွပ်မိုး၊ အုတ်နံရံကာဖြစ်ပြီး အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်းပါသည်။ ကျေးရွာတွင်အထက်တန်း ကျောင်းရှိပြီး မူလတန်း တက်ရောက်သူ (၁၅၃)ဦး၊ အလယ်တန်းတက်ရောက် နေသူ(၁၀၁)ဦး၊ အထက်တန်း တက်ရောက်သူ (၄၉)ဦးနှင့် တက္ကသိုလ်/ ကောလိပ် တက်ရောက်နေသူ(၃၇)ဦးရှိပါသည်။ ကျေးရွာ သူ/သားများအနေဖြင့် အတန်းပညာ တက်ရောက်မှုတွင် အသင့်အ တင့်ရှိပါသည်။ အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်အ ရေအတွက်မှာ(၆)% ရှိသဖြင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်း အမြစ်တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာ အားနည်းခြင်းများရှိပါသည်။ လူငယ်များကို အသက်မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများပို့ချပေးပြီး လုပ်ငန်းဖော်ဆောင်နိုင်ရန် လိုအပ်သော ရင်းနှီးငွေ/ချေးငွေပါ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများဖွင့်လှစ်ဆောင်ရွက်နိုင်ပါက ဝင်ငွေအသင့်အတင့်ရလာနိုင်ကြပါမည်။

၈။ ကျန်းမာရေး

ကျ။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ

ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စု၊ ခေါမကျေးရွာတွင် ကျန်းမာရေးဌာနမှ ဖွင့်လှစ်သည့် ကျန်းမာရေးဌာနနှင့် ပုဂ္ဂလိကဆေးခန်းများမရှိပါသော်လည်း အနီးနားရှိ မရင်းကြီးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံတို့မှ ကျန်မာရေးစောင့်မှုများ ရယူလျက်ရှိပါသည်။ ကျေးရွာရှိ ပြည်သူများတွင် ရာသီအလိုက်ဖြစ်ပွားသော ဝမ်းပျက်/ဝမ်းလျှောရောဂါနှင့် သွေးလွန် တုတ်ကွေးရောဂါတို့ ဖြစ်ပွားမှုနှုန်းမှာ အသင့်အတင့်ရှိပြီး ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ ဖြစ်ပွားမှုမှာ မြင့်တက်နေသောကြောင့် ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ကမ္ဘာ့ကပ်ရောဂါ Covid-19 ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းတို့အား ဆောင်ရွက်ပေးသင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ်ရောက်သူတိုင်းအား သတ်မှတ်ကာလများတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေး များအား လာရောက်ထိုးပေးလျှက်ရှိပါသည်။

ခ။ သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ကျေးရွာတွင် သောက်သုံးရေကို ရေတွင်းများ၊ လက်နှိပ်တုံကင်တွင်းများနှင့် အဝီစိစက်တပ်တွင်းများမှ သုံးစွဲကြပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံးအတွက် လုံလောက်မှုရှိပါသည်။သောက်သုံးရေမှာ အိမ်ထောင်စုအားလုံးအတွက် လုံလောက်မှုရှိသော်လည်း ရေဝါကိုသာစစ်၍ သောက်သုံးနေကြရပါသည်။ မြေအောက်ရေ အနက်ပေ(၄၀၀)အောက်တူးဖော်မည်ဆိုပါက သန့်ရှင်းသောရေကို ရရှိနိုင်ပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင် ကျေးလက်ဒေ သ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ ၉၉%ရှိပါသည်။ ယင်လုံအိမ်သာသုံးစွဲခြင်းကြောင့် ကျေးရွာသူ/သားအနေဖြင့် ကျန်းမာရေးဆိုင်ရာအသိအမြင်များ အသင့်အတင့်ရှိပါသည်။ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးမှုများမှာလည်း အသင့်အတင့် ရှိပါသည်။

## ၉။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် ပြုစုခြင်း

### က။ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ပြုစုခြင်း

ကျေးရွာတွင် မြေဆီလွှာအနေအထားမှာ ကျောက်ရောမြေသား အမျိုးအစားဖြစ်သည်။ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ ဗူးခွန်များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမြင့်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်ပါသည်။

### ခ။ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ခေါမကျေးရွာသည် ကုန်းတွင်းပိုင်ဖြစ်သောကြောင့် မုန်တိုင်း၊အအေးလွန်ကဲခြင်း၊ရေကြီးခြင်း၊မီးဘေးအန္တရာယ်များမရှိသေးပါ။ မကြာခဏ ငလျင်လှုပ်ခတ်မှုရှိသော်လည်း ပြင်းထန်မှုနည်းသောကြောင့် ပျက်စီးဆုံးရှုံးမှုမရှိပါ။ သဘာဝဘေးနှင့် ပတ်သက်သော ကာကွယ်ရေးအသိပညာပေး အစီအစဉ်များလည်း မရှိသေးပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များလည်း မရှိသေးပါ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းများဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ် အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို အဆင်ပြေချောမွေ့စေပါသည်။ မှုခင်းများကာကွယ်တား ဆီးလျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှာလည်း (၁)နှစ်တစ်ကြိမ်မှုခင်းကျဆင်းရေး ဟောပြောပွဲများ ပြုလုပ်ပေးလျှက်ရှိပါ သည်။

## ၁၀။ ကျားမရေးရာ

ကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှုအပိုင်းတွင် ကျားဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိပဲ တန်းတူပညာ သင်ကြားခွင့်ရှိကြပါသည်။ မိသားစု စားဝတ်နေရေးအခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို

သက်ရောက်မှုရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီပွားရေးလုပ်ငန်း များတွင် ကျားမတန်းတူအခွင့်အရေး ရရှိပါသော်လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျား၊ မခွဲခြား ဆက်ဆံမှုတို့မှာ အများအားဖြင့်နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာ သာရေး၊ နာရေး ကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု နည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။ ဥပမာအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးသင်တန်း တက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့် အရေးပေးပြီး ဖိတ်ကြားခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီးပါဝင် မှုနှုန်းမှာ ၁.၅ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ်နိုင်သော အင်အား ထက်ဝက်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး ထိုအမျိုးသမီးထု၏ စွမ်းပကား ကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေ ပါမည်။ ကျားမဆိုင်ရာတန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအ တွင်း အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာကျားမတန်းတ ညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက် အပံ့ဖြစ်စေနိုင်ပါသည်။

**၁၁။ ဦးစားပေးစီမံချက်လုပ်ငန်းများဇယား**

**နောက်ဆက်တွဲများ**

**နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း**

**နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား**

**နောက်ဆက်တွဲ၄။ အဆိုပြုစီမံချက်**

**ခေါမကျေးရွာ၊ ဦးစားပေးလုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|

| | | | |
|---|---|---|---|
| ၁။ | မြေထိန်းနံရံတည်ဆောက်ခြင်း၊ အုတ်စီရေမြောင်းတူးဖော်ခြင်း | ဦးစားပေး-၁ | |
| ၂။ | Transformer မြေထိန်းနံရံတည်ဆောက်ခြင်း၊ | ဦးစားပေး-၂ | |
| ၃။ | အားကစားကွင်းပြုပြင်ခြင်း | ဦးစားပေး-၃ | |
| ၄။ | ရွာတွင်းလမ်းများရိစာခင်းခြင်း | ဦးစာပေး-၄ | |
| ၅။ | ရေချိုးဆိပ်ကမ်းပြန်လည်ပြုပြင်ခြင်း | ဦးစာပေး-၅ | |

နောက်ဆက်တွဲ (၁)

# ခေါ်မကျေးရွာ၊ ကျည်တောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးချစ်ကောင်း | ဦးချစ်တင် | ၉/ ဇယသ(နိုင်) ၀၀၆၈၉၉ | ၃၂ | ဥက္ကဌ | ၀၉-၇၆၁၈၈၆၈၄၈ |
| ၂ | ဦးမင်းမင်းထိုက် | ဦးအောင်ညွှန့် | ၉/ပမန (နိုင်) ၁၆၀၆၀၇ | ၃၅ | အတွင်းရေးမှူး | ၀၉-၇၈၅၁၉၈၁၂၆ |
| ၃ | ဒေါ်တင်တင်လတ် | ဦးနီ | ၉/ပမန(နိုင်) ၂၄၀၉၅၇၅ | ၄၆ | စာရင်းကိုင် | - |
| ၄ | ဦးအောင်သန်းဦး | ဦးလှဦး | ၉/ပမန(နိုင်) ၁၈၃၃၄၁ | ၃၃ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၄၆၉၃၀၈၁ |
| ၅ | ဦးသီဟစိုး | ဦးစိုးစိုး | ၁၂/အစန(နိုင်) ၁၉၅၂၉၃ | ၃၂ | အဖွဲ့ဝင် | ၀၉-၇၇၂၉၂၆၁၀၅ |
| ၆ | ဦးကိုလတ် | ဦးချစ်ထွေး | ၉/ဇယသ(နိုင်) ၀၀၂၀၆၆ | ၅၇ | အဖွဲ့ဝင် | ၀၉-၇၇၈၂၈၇၂၆၂၀ |
| ၇ | ဦးကိုကိုမောင် | ဦးတင်စိုး | ၉/ဇယသ(နိုင်) ၀၀၁၉၉၀ | ၄၃ | အဖွဲ့ဝင် | ၀၉-၇၈၄၀၅၅၇၅၃ |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | ဦးဆန်းထွန်း | ဦးတင်မောင် | ၁၂/လကန(နိုင်) ၁၉၁၃၇၆ | ၃၇ | အဖွဲ့ဝင် | ၀၉-၄၀၀၆၉၅၅၈၆ |
| ၉ | ဦးမင်းအောင် | ဦးလှရွှေ | ၉/ပမန(နိုင်) ၁၀၄၁၄၆ | ၄၅ | အဖွဲ့ဝင် | - |
| ၁၀ | ဒေါ်သန်းသန်းဝင်း | ဦးအောင်ရင် | ၉/ပမန(နိုင်) ၁၄၀၀၁၃ | ၅၀ | အဖွဲ့ဝင် | - |
| ၁၁ | ဒေါ်ခင်သန်းနွယ် | ဦးအောင်ညွန့် | ၉/ပမန(နိုင်) ၁၆၀၅၉၇ | ၃၉ | အဖွဲ့ဝင် | ၀၉-၉၆၀၉၂၆၈၃၃ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၉ | ၁၁ | ၃၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၇ | ၂၆ | ၆၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၆ | ၅၇ | ၁၂၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၆ | ၉၉ | ၁၆၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၄ | ၄၀၇ | ၈၀၁ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၂၅ | ၄၅ |
| စုစုပေါင်း | | ၆၀၂ | ၆၂၅ | ၁၂၂၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၄၇ | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ (၁)အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

**လေ့လာတွေ့ရှိချက်။** ။ခါမကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၄၇)စုရှိပြီး (ကျား-၆၀၂+ မ-၆၂၅) စုစုပေါင်းလူဦးရေမှာ(၁၁၂၂၇)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ မှာ(၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေမှာ (၈၀၁) ဦးရာခိုင်နှုန်းအားဖြင့် (၆၅.၃)%ရှိသဖြင့် လုပ်သား အင်အား ရရှိနိုင်မှုများသည်ကို တွေ့ရှိရပါသည်။ ၆၅နှစ်အထက် သက်ကြီးရွယ်ကြီးများမှာ (၄၅)ဦး (၃.၇)% ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူအင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၇၅ | ၃၅၁ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၇ | ၂၁ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့်☐ လတ် ☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၁၄ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၅ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ ကျပန်း /ရာသီအလိုက် အလုပ်သမား | ၅၈ | ၁၃၂ | - | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | ၂၆၀ | ၅၂၃ | - | ☒ |

ရင်းမြစ် … (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ခေါ်မကျေးရွာတွင် လယ်ယာမြေဧက (၃၈၅)ဧကရှိပြီး စပါးသီးနှံကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ အခြားသီးနှံများဖြစ်သော ပဲ၊ နှမ်း ခရမ်းချဉ် သီးနှံများကိုလည်း စိုက်ပျိုးကြ ကြောင်းလေ့လာတွေ့ရှိရပါသည်။ စိုက်ပျိုးရေအတွက် ဆည်ရေကို သာအဓိကထားအား ကိုးရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား**

**ဇယား(၃)လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။**        ။ ခေါမကျေးရွာတွင် နေ့စားလုပ်ကိုင်ကြသော လုပ်ငန်းအမျိုးအစား (၄)မျိုးသာရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခ (၁)ရက် ဝင်ငွေမှာ ကျပ်(၅၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ (၄၀၀၀) ကျပ်ဖြစ်ပြီး၊ အမျိုးသမီးများ၏ အများဆုံး လုပ်အားခမှာ (၄၀၀၀)ကျပ်နှင့် အနည်းဆုံး လုပ်အားခမှာ (၂၀၀၀)ကျပ်တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ)    သဘာဝရင်းမြစ်များ**

**(၂-၁)    စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား(၄)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၈၅ | ကောင်း ☐  သင့် ✓  ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐  သင့်☐  ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐  သင့်☐  ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐  သင့်☐  ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐  သင့်☐  ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐  သင့်☐  ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐  သင့်☐  ညံ့ ☐ |
| **စုစုပေါင်း** | **၃၈၅** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။**    ။ (၁)မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**မှတ်ချက်။** ။(၂)အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်းမရှိပါ။

**လေ့လာတွေ့ရှိချက်။**        ။ကျေးရွာတွင် လယ်ယာမြေဧက(၃၈၅)ဧကရှိပြီး စပါးကိုအဓိကစိုက်ပျိုးကြပါသည်။ အခြားသောသီးနှံများဖြစ်သော ကြံနှင့် ပြောင်းသီးနှံများကိုလည်းစိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် ဆည်ရေကိုသာ အဓိကထား၍ အားကိုးစိုက်ပျိုး ကြကြောင်းတွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား(၅)ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ✓ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ✓ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ☐ သင့်✓ နည်း☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။

**မှတ်ချက်။** (၁)အထက်ဇယားပါကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထား ခြင်းမရှိပါ။

**လေ့လာတွေ့ရှိချက်။ ခေါမကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြား သဘာဝအရင်း အမြစ်များမရှိပါ။**

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန် ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၁၅** | **၁၁၄** | **၂၁** | **၁၁၀** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**မှတ်ချက်။ (၁)** အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

**လေ့လာတွေ့ရှိချက်။** ။ခေါမကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ(၅၀.၄%)ရှိပြီး (၅.၈%)မှာ အဆင်ပြေသော အိမ်ထောင်စုနှင့် (၄၄%)မှာ အလယ်အလတ်အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည် သောအိမ် ထောင်စုများနှင့် အလွန်မပြေ လည်သောအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အသက်မွေး

ဝမ်းကျောင်းအတတ်ပညာများတတ်မြောက်မှ နည်းပါးခြင်းနှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၃၅ စု | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ✓<br>လုပ်အားခကြိုယူ = ✓ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ခါမကျေးရွာတွင် (၃)လနှင့်အောက် ဝမ်းစာဖူလုံသည့် အိမ်ထောင်စုမှာ (၁၃.၅%)ရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းအိမ်ထောင်စုများသည် လုပ်အားခကြိုတင်ယူခြင်း၊ ချေးယူခြင်းဖြင့် ဝမ်းစာအတွက် ဖြေရှင်းကြပါသည်။

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၃ | ၂ | ၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ခေါမအိမ်ထောင်စုအများစုသည် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား(၉)ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | |
| ၁ | မြစ်ရေကြီးမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၂ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၃ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အပူလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | လေပြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မိုးသီးမုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | |
| ၈ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၉ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ) | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ခေါမကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေအဖြစ် ဆည်ရေကိုသာသုံးစွဲရသဖြင့် စားနပ်ရိက္ခာဖူလုံမှု ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာ ရောဂါ စသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွား မှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု ရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
